အင်ခုံကျေးရွာ

ကင်းမြင်သာကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်ခုံကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
အင်ခုံ ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
အင်ခုံ ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉

(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်ခုံကျေးရွာ

ကင်းမြင်သာကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

အင်ခုံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- အင်ခုံကျေးရွာအရင်းအမြစ်ပြမြေပုံ - အင်ခုံကျေးရွာ၊ ကင်းမြင်သာ ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



| ప్రార్థన | | |

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ အင်ခုံကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ဇရိယာ အကျယ်အဝန်းမှာ (၁)စတုရန်းမိုင်ရှိပါသည်။ ဝန်းသိုမြို့မှ(၈)မိုင်ကွာဝေးပြီး ကျေးရွာ၏ အနောက်ဘက်တွင် အောင်သာကုန်းကျေးရွာ၊ တောင်ဘက်တွင် ပိန်းကန်ကျေးရွာ၊ မြောက်ဘက်တွင် ခပ်ချိုကျေးရွာနှင့် အရှေ့ဘက်တွင် လယ်ကွင်းနှင့်ချောင်း ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။အင်ခုံကျေးရွာသည် ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်း အမြစ်များ၊တွင်းထွက်သယံဇာတများ၊ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်ရတနာများမှာ ကျေးရွာ၏ အနီး အနားတွင်မရှိပါ။သို့သော် ကျောက်၊သဲကျောက်၊ဂျင်းမြေတို့မှာ ကျေးရွာ၏ အနီးတစ်ဝိုက်တွင်ရှိပြီး အသုံးချနိုင်မှုမှာ အသင့်အတင့်ရှိပါသည်။သဘာဝတအပင်မျိုးစိတ်များဖြစ်သော နွားစာ၊ဆေးဘက်ဝင် အပင်များမှာ ကျေးရွာ၏အနီးတစ်ဝိုက်တွင်ရှိပြီး အသုံးချနိုင်မှု အားနည်းပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များကို ကျေးရွာ၏ အနီးတစ်ဝိုက်တွင်မတွေ့ရှိနိုင်ပါ။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၅၇)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၈၂)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်တော်တို့ရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား ၁ဦး၊ မ ၃ ဦး။ ၅နှစ်အောက် ကလေးငယ်မှာ ကျား ၁၃၊ မ ၆ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား ၁၄၊ မ ၂ဦး၊ အလယ်တန်း ကျောင်းသား အရွယ် ကျား ၁၈ ဦး၊မ ၁၁ ဦး၊၁၅နှစ်မှ ၆၄နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၉၁ဦး၊ မ ၁၀၂ဦး၊ ၆၅နှစ်နှင့်အထက် ကျား၁၀၊ မ ၁၂ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ကျွန်တော်တို့ရွာ၏ အဓိကစီးပွား ရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေ ကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများ တွင် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၅၇)အိမ်မှာ (၄၉)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ မွေးမြူရေးလုပ်ငန်းများ တစ်နိုင် တစ်ပိုင်အဖြစ်မွေးသော အိမ်ထောင်စု(၄၆)စုရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်၊ ဘဲ တို့ဖြစ်ပါ သည်။ လက်လီလက်ကားရောင်းဝယ်ရေး လုပ်ကိုင်ကျသောအိမ်ထောင်စု (၁၀)ဦးရှိပါသည်။ ကျပန်း အလုပ်သမား (၂)အိမ်သာရှိပါသည်။ထို့ကြောင့် ကျွန်တော်တို့ အင်ခုံရွာသည် ကိုယ်ပိုင်လယ်ယာ

လုပ်ငန်းများဖြင့်အေးဆေးစွာ အသက်မွေးဝမ်းကြောင်းပြုကြသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

လယ်ယာလုပ်ငန်းများအတွက် လုပ်အားခနှုန်းထားများမှာ အမျိုးသားများအား အများဆုံး ကျပ်(၄၀၀၀)မှ အနည်းဆုံး ကျပ်(၃၀၀၀)အထိ၊အမျိုးသမီးများအား အများဆုံး ကျပ်(၃၅၀၀)မှ အနည်းဆုံး ကျပ်(၂၅၀၀)အထိလည်းကောင်း သတ်မှတ်ထားကြပါသည်။ထုတ်ကုန်လုပ်ငန်းများနှင့် လက်လီလက်လက်ကားရောင်းတယ်ဖောက်ကားရေးလုပ်ငန်းများတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြပါသည်။ဂင်းတို့အတွက် လုပ်ခသတ်မှတ်ချက်မှာ အများဆုံး (၂၀၀၀)ကျပ်မှ အနည်းဆုံး (၁၅၀၀) ကျပ် အထိသာ ပေးကြပါသည်။

ကျွန်တော်တို့ရွာ၏ ဥစ္စာဓနသတ်မှတ်ချက်မှာ အဆင်ပြေသောအိမ်ထောင်စု(၄၀)ဦးရှိပြီး၊ အလယ်အလတ်အိမ်ထောင်စုမှာ(၁၃)ဦးရှိပါသည်။မပြေလည်သောအိမ်ထောင်စုမှာ (၄)ဦးသာရှိပြီး ကျွန်တော်ကျေးရွာသည် ကိုယ်ပိုင်လုပ်ငန်းများ၊တစ်နိုင်တစ်ပိုင်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းပြုကာ အေးချမ်းစွာနှင့် နေထိုင်လျှက်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

ရွှေပြောင်းသွားလာသောအိမ်ထောင်စုမှာ စုစုပေါင်း(၂၄)ဦးရှိပြီး ၎င်းတို့သည် ပြည်ပသို့ ထွက်ခွာသွားရောက်လုပ်ကိုင်ကြခြင်းမဟုတ်ဘဲ ပြည်တွင်း၌သာ သွားရောက်လုပ်ကိုင်ကြပါသည်။ အမျိုးသား(၁၄)ဦး၊အမျိုးသမီ(၁၀)ဦးဖြစ်ပါသည်။ကျေးရွာမှယာယီရွှေပြောင်း အလုပ်လုပ်သွားကြသော လူဦးရေမှာ အမျိုးသား(၉)ယောက်နှင့်အမျိုးသမီး(၈)ယောက် စုစုပေါင်း(၁၇) ယောက်ဖြစ်ပါသည်။

ရွှေပြောင်းသွားလာကြသော လူများထဲမှ အဓိကဝင်ငွေအခွင့်အလန်းများရှာဖွေသူ (၂၁)ဦးရှိပြီး လူမှုရေး၊ကျန်းမာရေးကိစ္စများကြောင့် သွားလာသူ(၂)ဦးနှင့် အမျိုးအမည်မခွဲခြားပြနိုင်သော ရွှေပြောင်းသွားလာသူ(၁)ဦးသာရှိပါသည်။

ရွှေပြောင်းသွားလာသောသူများမှ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုအရေအတွက် စုစုပေါင်း(၁၀)ဦးရှိပြီး အသင့်တင်ပြန်ပို့နိုင်သောအိမ်ထောင်စုမှာ (၉)ဦးရှိပြီး၊ နိမ့်ပါးသော အိမ်ထောင်စုမှာ (၁)ဦးသာရှိပါသည်။ပြန်ပို့ငွေလမ်းကြောင်းများမှာ ဘဏ်မှ ငွေလွှဲသူ(၃)ဦးရှိပြီး လူကြုံဖြင့်ငွေလွှဲပို့သူ(၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ရွာ၏ ဥစ္စာဓန သတ်မှတ်ချက် မှာ အဆင်ပြေသောအိမ်ထောင်စု(၄၀)ဦးရှိပြီး၊ အလယ်အလတ်အိမ်ထောင်စုမှာ(၁၃)ဦး ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုမှာ (၄)ဦးသာရှိပြီး ကျွန်တော်ကျေးရွာသည် ကိုယ်ပိုင်လုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများနှင့်

အသက်မွေးဝမ်းကြောင်းပြုကာ အေးချမ်းစွာနှင့်နေထိုင်လျက်ရှိ သော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၄)ရှိပြီး ၎င်းအိမ်ထောင်စုများမှာ ၃လအောက်ဝမ်းစာဖူလုံမှုအား ချေးယူသူ(၂)ဦး၊ လုပ်အားခကြိုယူသူ(၂)ဦးရှိပါသည်။ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငှား၍ ဝမ်းစာဖြည့်တင်းကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစား သူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြ ပါသည်။

ကျွန်တော်တို့အင်ခုံရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။ မသန်မစွမ်းသောသူများလည်း မရှိပါ။ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောမိသားစုအိမ်ထောင်စု(၂)အိမ် ရှိပါသည်။မုဆိုးမ၊တစ်ခုလပ်အိမ်ထောင်စုများမရှိပါ။အခြားဒေသသို့ ကြာမြင့်စွာ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

ကျွန်တော်တို့ရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်းမှာ နည်းပါးပါသည်။ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်ကြသူများ များပြားပါသဖြင့် မဖူလုံသောအိမ်ထောင်စုများမရှိပါ။ သဘာဝအရင်းအမြစ်ရှားပါးမှုမှာ အလယ်အလတ်ရှိပါသည်။ရေကြီခြင်း၊မိုးခေါင်ရေရှားခြင်းများမှာ အလယ်အလတ်ရှိပါသည်။ မုန်တိုင်းတိုက်ခတ်မှုများမှာ မရှိပါ။မြေဆီ၊မြေဩဇာပျက်စီးမှုများမှာ မရှိပါ။

ကျွန်တော်တို့ရွာရှိ လူငယ်များသည် မူးယစ်ဆေးဝါးစွဲလမ်းခြင်းများမှာ အမြင့်ဆုံးအထိရှိပါသည်။မြေယာမဲ့ဆင်းရဲသားတောင်သူများ မရှိပါ။သဘာဝဘေးဒဏ်ဆိုးရွာစွာ ကျရောက်နိုင်မှုမရှိပါ။ကျေးရွာသို့စွန့်ခွာ၍ သွားရောက်သူများမရှိပါ။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ရွာ၏ ပညာရေးမှာ အသင့်အတင့်သာရှိပါသည်။ ရွာသူ/ရွာသားများသည် မူလတန်းကျောင်းထွက်ဦးရေ ပိုများလှပါသည်။ စာမတတ်သူဦးရေမှာ (၂)ဦးသာရှိပါသည်။ ဘွဲ့ရပညာတတ်မှာ(၁၃)ဦးသာရှိသဖြင့် အလွန်နည်းပါးလှပါသည်။ ရွာနှင့်အနီးတစ်ဝိုက်တွင်ရှိသော ကင်း(အ.ထ.က)သို့ တက်ရောက်ကာ အထက်တန်းပညာရေးကိုသင်ယူနိုင်သော်လည်း မိသားစု၏ဝမ်းစာရေးအရ ရွာတွင်ရှိသော မူလတန်းအထိသာ တက်ရောက်နိုင်သူပိုများပါသည်။ ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုရပါသည်။ ငွေကြေးတတ်နိုင် သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများ သော

ပညာရေးဖြစ်နေပါသည်။ထို့ကြောင့် ကျွန်တော်တို့ရွာတွင် မူလတန်းပညာရေး တတ်မြောက်သူဦးရေ သာများပြားပြီး အထက်တန်း၊ဘွဲ့ရပညာတတ်မှာ အလွန်နည်းပါးပါသည်။

ကျွန်တော်တို့ရွာမူလတန်းကျောင်းတွင် ကျား(၁၂)ဦး၊ မ(၃)ဦး အလယ်တန်း ကျား(၁၆)ဦး၊ မ(၇)ဦး၊ အထက်တန်းတွင် ကျား(၂)ဦး၊ မ(၄)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူ ကျား(၁)ဦး၊မ(၂)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစားမပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ ဝေးလံ ခေါင်သီမှုနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု၊ ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ငှက်ဖျားရောဂါ၊သွေးလွန်တုတ်ကွေးရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်းရောဂါများလည်း ဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

ကာကွယ်ဆေးဆိုးထိုးခြင်း၊အဆုတ်ရောဂါ၊ဆုံဆို့နာ၊ကြက်ညာရောဂါ၊မေးခိုင်နှင့်အသည်းရောင်အသည်းဝါရောဂါ၊ပိုလီယိုရောဂါ၊ဝက်သက်ရောဂါ၊အခြားရောဂါများအားလည်း လစဉ်ကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။

ကျမ်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများမှာ ကျေးလက်ကျန်းမာရေးဌာန ကင်းမြင်သာဆေးပေးခန်းမှ ရရှိပါသည်။ကျန်းမာရေးဆေးပေးခန်းမှာ ကုတင်၊ကျန်းမာရေး အထောက်အပံ့ပစ္စည်း၊ဆရာမအင်အား၊ဆေးဝါးများမလုံလောက်ပါ။ထို့ကြောင့် ဝန်းသိုမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ လယ်ယာလုပ်ငန်းများအတွက် လုပ်အားခနှုန်း ထားများမှာ အမျိုးသားများအား အများဆုံး ကျပ်(၄၀၀၀)မှ အနည်းဆုံး ကျပ်(၃၀၀၀)အထိ၊ အမျိုးသမီးများအား အများဆုံး ကျပ်(၃၅၀၀)မှ အနည်းဆုံး ကျပ်(၂၅၀၀)အထိလည်းကောင်း သတ်မှတ်ထားကြပါသည်။ထုတ်ကုန်လုပ်ငန်းများနှင့် လက်လီလက်လက်ကားရောင်းဝယ် ဖောက်ကားရေးလုပ်ငန်းများတွင် အမျိုးသမီးများသာ လုပ်ကိုင် ကြပါသည်။၎င်းတို့အတွက် လုပ်ခ သတ်မှတ်ချက်မှာ အများဆုံး (၂၀၀၀)ကျပ်မှ အနည်းဆုံး (၁၅၀၀) ကျပ် အထိသာ ပေးကြပါသည်။

ကျွန်တော်တို့ရွာတွင် အမျိုးသမီးအခွင့်အရေး နည်းပါးပါသည်။ ရွာမှအမျိုးသမီးများ သည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။ နေ့စဉ် အိမ်အလုပ်တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှု၊ ဒေသ၊ မြို့ရွာများ တနေရာနှင့် တနေရာ ဝေးကွာပြီး လမ်းသွား လမ်းလာစိတ်မချရမှုတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ

အားစိုက်နေရသဖြင့် လူမှုအဖွဲ့စည်းနှင့် ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုနှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေးနာရေးများတွင် အမျိုးသမီးများက ချက်ပြုတ်တာဝန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဝန်ကို လုပ်ကိုင်ကြရပါသည်။ အခြားအဖွဲ့အစည်းများကို တာဝန်ယူလုပ်ကိုင်ချင်သော်လည်းစားဝတ်နေရေး မပြေလည်မှုနှင့် အိမ်မှုကိစ္စများသည် အမျိုးသမီးများ တာဝန်ဖြစ်သဖြင့် တက်ကြွစွာပါဝင်နိုင်မှု၊ ဆွေးနွေးဦးဆောင်နိုင်မှု အခွင့်အရေးများ ဆုံးရှုံးနေရပါသည်။ ကျွန်တော်တို့ရွာတွင်အကြမ်းဖက်မှုများမရှိပါ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ စနေ၊တနင်္ဂနွေနေ့များတွင် ဖြူစင်မေတ္တာခမ္မစကူးလ်အဖွဲ့မှ ကလေးသူငယ် ယဉ်ကျေးမှုသင်တန်းကို ဆရာ၊ဆရာမ(၂၀)ဦးနှင့် သင်ကြားပေးနေသည်။ ကျေးရွာတွင် မီးလင်းရေကော်မတီအဖွဲ့၊ ရေပေးရေးကော်မတီအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊ အမျိုးသမီးများက ဦးဆောင်၍ တာဝန်ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကများက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးသောပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု လယ်မြေဧကမှာ(၃၇၃.၅၀)ရှိပြီး၊မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ တောင်ယာမြေမှာ (၄၃.၁)ဧက၊ဥယျဉ်ခြံမြေမှာ(၇.၅၀)ဧကရှိပြီး မြေဆီလွှာအသင့်အတင့်ရှိပါသည်။ ကိုင်းကျွန်းမြေများ၊ဓနိတောမြေများ မရှိပါ။စားကျက်မြေမှာ(၃၆.၂၅)ဧကရှိပြီး ညံ့ဖျင်းပါသည်။ မြေလွတ်မြေလတ်မှာ(၆)ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ စုစုပေါင်း ကျေးရွာပိုင်မြေဧကမှာ(၄၄၆.၃၅)ဧကရှိပါသည်။

ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်းမှာ(၅၇)အိမ်ထောင်စုရှိပြီး မြေယာမဲ့အိမ်ထောင်စုမှာ (၇)အိမ်ရှိပါသည်။လယ်ယာမြေ (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူများမှာ (၆)ဦး၊ (၅)ဧကအောက် တောင်သူငယ်များမှာ(၁၁)အိမ်၊တောင်သူလတ်မှာ(၂၇)အိမ်၊တောင်သူကြီး(၆)အိမ် ရှိပါသည်။

ကျွန်တော်တို့ရွာ၏ ရေအရင်းမြစ်မှာ ဆည်သောက်ရေအမျိုးအစားဖြစ်ပါသည်။ ဆည်သောက်ရေဧက(၃၇၀)ဧကရှိပါသည်။ချောင်းရေဖြင့် စိုက်ပျိုးရသောဧက(၃)ဧကရှိပါသည်။ ကျေးရွာတွင် အဝီစိတွင်းမရှိပါ။လက်တူးတွင်းများဖြင့် သောက်သုံးရေသုံးကြပါသည်။ ရေလွှဲဆည်၊ မြစ်ရေတင်စီမံကိန်းများမရှိပါ။ဆည်သောက်ရေ၊ရေသွင်းမြောင်းကိုသာ ရာသီအလိုက်တစ်နှစ်ပတ်လုံး စိုက်ပျိုးရေအတွက် သုံးစွဲကြရပါသည်။ တွင်းရေများသည် (၁၂)လရာသီ သုံးစွဲ၍မရပါ။ မိုးနှင့်ဆောင်းသာ ရေပေါပေါသုံးရပြီး နွေရာသီတွင် ခြွေတာသုံး ရပါသည်။ ကျွန်တော် တို့ရွာကလေးသည် မိုးရွာမှမိုးရေကိုသာ စိုက်ပျိုးရေအဖြစ်သုံးလေ့ရှိပါသည်။ချောင်း၊မြောင်းများနီးသည့် တောင်သူများသည် ရေစုပ်စက်နှင့် အနည်းငယ်အသုံးပြုကြ သည်။ မိုးရွာလျှင် ချောင်းရေ၊ မြောင်းရေများ ရေအလွန်လျှံပယ်သုံးရပါသည်။

ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပါသည်။ စုစုပေါင်းစိုက်ဧကမှာ (၃၇၀.၅၀)ဖြစ်ပါသည်။တစ်ဧကလျှင် အနည်းဆုံး(၄၀)တင်းမှ အများဆုံး(၆၀)တင်းထွက်ရှိပါသည်။ စပါးစိုက်သည့်ကာလမှာ (၆လမှ ၈လအထိ)ကြာမြင့်ပါသည်။ကျွန်တော်တို့ရွာသည် စပါးစိုက်ပျိုးရာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးအထွက်နှုန်းများ လျော့ကျခြင်း ဖြစ်ပါသည်။ အမြတ်ရရှိမှုမှာ နည်းပါးပါသည်။ စပါးအပြင် မြေပဲလဲစိုက်ပျိုးကြပါသည်။ စုစုပေါင်းစိုက်ဧကမှာ(၁၀)ဧကရှိပါသည်။ တစ်ဧကလျှင်အများဆုံး(၆၀)တင်းမှအနည်းဆုံးတင်း(၂၀)အထိသာ ထွက်ရှိပါသည်။ သီးနှံစိုက်ပျိုးကာလမှာဖလခန့်သာ ကြာမြင့်ပါသည်။သွင်းအားစုလိုအပ်ချက်မှာ အလယ်အလတ်ရှိပြီး အမြတ်ရရှိမှုမှာနည်းပါးပါသည်။ စိုက်ပျိုးရေး နည်းပညာ မရှိသောကြောင့် နှင့် သီးနှံထွက်ချိန်တွင် လယ်ယာမြေအတွင်း ရေမရှိသောကြောင့်တို့ဖြစ်ပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင်ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ လက်တွန်းထွန်စက်များနှင့် စပါးခြွေလှေ့စက်များကို ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။ ကိုယ်ပိုင်ထွန်စက်ပိုင်ဆိုင်သူ(၁)ဦး၊ လက်တွန်းထွန်စက် (၁၅)ဦး၊ခြွေလှေ့စက်(၂)း၊ရေစုပ်စက်(၁၆)ဦး၊မြက်ရိပ်စက်(၆)ဦးပိုင်ဆိုင်ကြပါသည်။ကျန်တောင်သူများမှာ ကိုယ်ပိုင်ကျွဲ၊နွားများနှင့်ထွန်ယက်စိုက်ပျိုးကြပြီး တစ်ချို့မှာလယ်ထွန်စက်များငှားရမ်း အသုံးပြုကြပါသည်။

ကျွန်တော်တို့ရွာ၏ ရေ၊မြေရာသီဥတုသည် အပူအနည်းငယ်များသော ရာသီဥတုဖြစ်သည်။ လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာရှိသည်။ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုလည်း အစိုးရမှထုတ်ပေးသော ဝန်ဆောင်မှုသာရှိပါသည်။ သဘာဝ မြေဆွေးနှင့်အော်ဂဲနစ် မြေဩဇာများလည်း ရှိပါသည်။ ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော်တို့ရွာသည် လမ်းပန်း ဆက်သွယ်ရေး ၊ ငွေကြေးဝန်ဆောင်မှုနှင့်

နွေရာသီအထိရေသိုလှောင် ထားနိုင်သော တာတမံများ ရှိပါက စီးပွားရေးအဆင်ပြေသောရွာတစ်ရွာ ဖြစ်လာနိုင်ပါသည်။

ကျွန်တော်တို့ရွာ၏ သီးနှံထုတ်လုပ်မှုပြဿနာမှာ လယ်ယာမြေမတိုးချဲ့နိုင်သောကြောင့်ဖြစ်ပါသည်။လယ်ယာမြေစိုက်ပျိုးရန်အတွက် စိုက်ပျိုးသီးနှံမျိုးစေ့ဝယ်ယူရန် ချေးငွေအလုံအလောက် မရရှိနိုင်ပါ။သဘာဝသယံဇာတမြေဆွေး၊မြေဆီ၊မြေဩဇာများ အလွယ်တကူမရရှိနိုင်ပါ။ လုပ်သားများလည်း အလွယ်တကူမရရှိနိုင်ပါ။နည်းပညာပိုင်းဆိုင်ရာများလွယ်ကူစွာမရရှိနိုင်ပါ။ သီးနှံစျေး ကွက်နှင့်ကုန်သွယ်မှုသီးနှံများကို အလွယ်တကူရောင်းချရန် စျေးကွက်မရှိပါ။သီးနှံများအား ဖျက်ပိုး၊ ရောဂါပိုးတင်ရောက်မှု အနည်းငယ်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ လယ်ယာလုပ်ငန်းများအတွက် လုပ်အားခနှုန်း ထားများမှာ အမျိုးသားများအား အများဆုံး ကျပ်(၄၀၀၀)မှ အနည်းဆုံး ကျပ်(၃၀၀၀)အထိ၊ အမျိုးသမီးများအား အများဆုံး ကျပ်(၃၅၀၀)မှ အနည်းဆုံး ကျပ်(၂၅၀၀)အထိ လည်းကောင်း သတ်မှတ်ထားကြပါသည်။ထုတ်ကုန်လုပ်ငန်းများနှင့် လက်လီလက်လက်ကား ရောင်းဝယ် ဖောက်ကားရေးလုပ်ငန်းများတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြပါသည်။ ၎င်းတို့အတွက် လုပ်ခသတ်မှတ်ချက်မှာ အများဆုံး (၂၀၀၀)ကျပ်မှ အနည်းဆုံး (၁၅၀၀) ကျပ် အထိသာပေးကြပါသည်။

ကျေးရွာတွင် လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိပြီး စျေးကွက်ဆိုင်ရာအသိအမြင်မှာ အသင့်အတင့်နားလည်ပါသည်။လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ရှိပြီးအသက်မွေးဝမ်းကြောင်းပြုနိုင်သော ပညာတခုခုကိုတတ်မြောက်ခြင်းမှာ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်တော်တို့ရွာတွင် လုပ်သားအင်အားရှားပါး၍ ကုန်ကြမ်းရရှိနိုင်မှုနည်းပါးပါသည်။ လျှပ်စစ်မီးမရရှိသေးပါ။နည်းပညာနှင့်အသေးစား၊အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများလုံးဝမရ၍ အလုပ်အကိုင်အခွင့်အလမ်းများ နည်းသည်ကို တွေ့ရှိရပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ရွှေ့ပြောင်းသွားလာသောအိမ်ထောင်စုမှာ စုစုပေါင်း(၂၄)ဦးရှိပြီး ၎င်းတို့သည် ပြည်ပသို့ ထွက်ခွာသွားရောက်လုပ်ကိုင်ကြခြင်းမဟုတ်ဘဲ ပြည်တွင်း၌သာသွားရောက်လုပ်ကိုင်ကြပါသည်။ အမျိုးသား(၁၄)ဦး၊အမျိုးသမီ(၁၀)ဦးဖြစ်ပါသည်။ ကျေးရွာမှ ယာယီရွှေ့ပြောင်းအလုပ်လုပ်သွားကြသော လူဦးရေမှာ အမျိုးသား(၉)ယောက်နှင့် အမျိုးသမီး(၈) ယောက် စုစုပေါင်း(၁၇) ယောက်ဖြစ်ပါ သည်။

ရွှေ့ပြောင်းသွားလာကြသော လူများထဲမှ အဓိကဝင်ငွေအခွင့်အလမ်းများရှာဖွေသူ (၂၁)ဦး ရှိပြီး လူမှုရေး၊ကျန်းမာရေးကိစ္စများကြောင့် သွားလာသူ(၂)ဦးနှင့် အမျိုးအမည်မခွဲခြားပြနိုင်သော ရွှေ့ပြောင်းသွားလာသူ(၁)ဦးသာရှိပါသည်။

ရွှေ့ပြောင်းသွားလာသောသူများမှ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုအရေအတွက် စုစုပေါင်း(၁၀)ဦးရှိပြီး အသင့်တင်ပြန်ပို့နိုင်သောအိမ်ထောင်စုမှာ (၉)ဦးရှိပြီး၊ နိမ့်ပါးသော အိမ်ထောင်စုမှာ (၁)ဦးသာရှိပါသည်။ပြန်ပို့ငွေလမ်းကြောင်းများမှာ ဘဏ်မှငွေလွှဲသူ(၃)ဦးရှိပြီး လူကြုံဖြင့်ငွေလွှဲပို့သူ(၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေဈေးကွက်လက်လှမ်းမီမှု အနီးဆုံးဈေးမှာ ကင်းမြင်သာဈေးဖြစ်၍ အကြီးစားဈေးကွက်မှာ ဝန်းသိုမြို့မဈေးဖြစ်ပါသည်။အနီးဆုံးဈေးအကွာအဝေးမိုင်မှာ ၁မိုင်မှ၅မိုင်ဖြစ်၍ အကြီးဆုံး ဈေးကွက်မှာ ၁၀မိုင်ဝေးပါသည်။အနီးဆုံးဈေးသို့သယ်ယူပို့ဆောင်ရေးနည်းလမ်းမှာ ဆိုင်ကယ်ဖြစ်ပြီး အကြီးဆုံးဈေးကွက်မှာ ကား၊ထော်လာကျီတို့ဖြစ်ပါသည်။အနီးဆုံးကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ စားသောက်ကုန်၊ကုန်စိမ်း၊ကုန်ခြောက်ရရှိနိုင်ပြီး အကြီးစားဈေးကွက်မှာ စားသောက်ကုန်၊ ကုန်စိမ်း၊ ကုန်ခြောက်၊အဝတ်အထည်၊ပရိဘောဂပစ္စည်းများလည်း စုံလင်စွာရရှိနိုင်ပါသည်။ ကင်းမြင်သာဈေး အဆောက်အဦမှာ အသင့်အတင့်ဖြစ်၍ ဝန်းသိုဈေးအဆောက်အဦမှာ ကောင်းမွန်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဈေးသို့ကုန်စည်များသယ်ပို့ပို့ဆောင်ရောင်းဝယ်ဖောက်ကားရန် စက်ဘီး(၃၉)စီး၊မော်တော်ဆိုင်ကယ်(၅၄)စီး၊ထော်လာကျီ(၄)စီး၊ကား(၁)စီး၊နွားလှည်း(၃၇)စီးရှိပါသည် ။

လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာစနစ်ဖြင့်မီးလင်းသူ ၅၅အိမ်ရှိပြီး၊ကျန်(၂)အိမ်မှာ ဆိုလာစနစ်ဖြင့်မီးအသုံးပြုနိုင်ရန် ငွေကြေးမတတ်နိုင်ပါသဖြင့် ဖယောင်တိုင်မီးသာ အသုံးပြုရပါ သည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းမှာ အစိုးရဘဏ်၊လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမချေးငွေဘဏ်တို့မှာ ချေးငွေများ ရရှိပါသည်။ချေးငွေကာလမှာ ကာလတိုချေးငွေဖြစ်ပြီး ပြည်လည်ပေးဆပ်ရမည့်ကာလမှာ ၆လမှ၁နှစ် အထိဖြစ်၍ အတိုးနှုန်းမှာ ၁%မှ၂%ဖြစ်ပါသည်။အပေါင်ခံပစ္စည်းလိုအပ်မှုမှာ လိုအပ်သည်ဖြစ်၍ ချေးငွေရရှိမှာ အခက်အခဲရှိပါသည်။သမဝါယမချေးငွေဘဏ်မှ ဝန်ဆောင်မှုအမျိုးအစားမှာ ကာလတို ချေးငွေအမျိုးအစားဖြစ်ပြီး ၃လမှ၆လအတွင်းဖြစ်၍ အတိုးနှုန်းမှာ ၁%မှ၂%ဖြစ်ပါသည်။ အပေါင်ခံပစ္စည်းလိုအပ်မှုမရှိပါ။ကျေးရွာမှ ငွေကြေးပြည့်စုံသူများ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေများထံ

မှလဲ ချေးငွေများရရှိပါသည်။အတိုးမပေးရပါ။အပေါင်ခံပစ္စည်းများလဲ မလိုအပ်ပါ။ချေးငွေရရန်လည်း လွယ်ကူပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ မြေဆီ၊မြေဩဇာ အခြေအနေမှာ အခက်အခဲရှိပါသည်။ဖျက်ပိုးနှင့်ရောဂါပိုးများ အနည်းငယ်ဝင်ရောက်မှုရှိပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းပါးပါသည်။ငါးမျိုးစိတ်များ ရရှိနိုင်မှုခက်ခဲပါသည်။ အခြားတိရစ္ဆာန် မျိုးစိတ်များလဲ အလွယ်တကူမရနိုင်ပါ။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ကျေးရွာရှစာသင်ကျောင်းဆောင်အခြေအနေမှာ ကျောင်းအဆင့်မှာ မူလတန်းဖြစ်၍ အလယ်တန်း၊ အထက်တန်းအဆင့်ပညာရေးကို ကင်းမြင်သာအထက်တန်းကျောင်းသို့သွားရောက် သင်ကြားရပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ (၆၀'×၃၀')ဖြစ်၍ ကျောင်းဆောင်မှာ ကောင်းမွန်ပါသည်။ကျောင်းအိမ်သာများလည်းကောင်းမွန်ပြီး အပတ်စဉ်အဟာရတိုက်ကျွေးမှု အစီအစဉ်များလည်းရှိပါသည်။ကျောင်းတွင် အစိုးရခန့်ဆရာ၊ဆရာမ(၂)ဦးနှင့်ကျေးရွာမှမငှားဆရာမ(၁)ဦး စုစုပေါင်း(၃)ဦးသာရှိ၍ ဆရာ၊ဆရာမအင်အားနည်းပါးပါသည်။

ပညာရေးအခက်အခဲပြဿနာမှာ ကျောင်းဆရာ၊ဆရာမရရှိနိုင်မှု အလုံအလောက်မရှိ၍ တပည့်၊ဆရာအချိုးမှာ(၄၀:၁)အောက်ဖြစ်ပါသည်။မူလတန်းကျောင်းထွက်များပြားပါသည်။မသန်မစွမ်းသူများအတွက် ပညာရေးထောက်ပံ့မှုအထူးတလည်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာမလုံလောက်၍ ဆင်းရဲသောအိမ်ထောင်စုများ၏ကလေးများမှာ ကျောင်းစရိတ်မတတ်နိုင်၍ ပညာရေးကိုဆက်လက်မသင်ကြားနိုင်ပဲ မူလတန်းကျောင်းထွင်များပြားရခြင်းဖြစ်ပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းပါဝင်မှုမှာအားကောင်းပါသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်၊ဝမ်းလျှောရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါ၊ငှက်ဖျားများဖြစ်ကြပါသည်။ကာကွယ်ဆေးထိုးနှံမှုများလစဉ်ရှိပါသည်။ကျန်းမာရေးဝန်ဆောင်မှုများမှာ ကျေးလက်ကျန်းမာရေးဌာနမှ ကင်းမြင်သာကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ဝန်ဆောင်မှုရရှိပါသည်။ကျန်းမာရေးဆေးပေးခန်းတွင် ကုတင်လုံလောက်မှုမရှိပါ။ ဆေးဝါး၊ဆရာမလုံလောက်မှုမရှိပါ။ထို့ကြောင့် ဝန်းသိုဖြို့နယ်ဆေးရုံသို့ တက်ရောက်ကုသမှုခံယူကြရပါသည်။

ကျွန်တော်တို့ရွာတွင် လက်တူးတွင်း(၂၆)တွင်းနှင့်တုံကင်တွင်း(၄)တွင်းရှိပြီး ၎င်းရေတွင်းများအား သောက်ရေသုံးရေအဖြစ်အသုံးပြုကြပါသည်။သောက်ရေအတွက်ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းများမရှိပါ။

ကျန်းမာသန့်ရှင်းစွာနေထိုင်နိုင်ရန်အတွက် ကျေးရွာတစ်ရွာတွင် ယင်လုံအိမ်သာများမှာလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ကျွန်တော်တို့ရွာတွင် (၅၇)အိမ်လုံး ယင်လုံအိမ်သာ ရှိကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများတင်သာမက အမျိုးသမီးများပါ တက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ကျေးရွာတွင် အကြမ်းဖက်မှု၊သံသယဖြစ်မှုများ မည်သည့် အခါမျှမကြုံတွေ့ရပါ။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျေးရွာ၏လက်ရှိလမ်းများအခြေအနေမှာ ရွာတွင်းလမ်းများမှာ မြေသားလမ်းအမျိုးအစားဖြစ်၍ နွေရာသီနှင့်ဆောင်းရာသီတွင်သာ သွားလာရအဆင်ပြေပြီး မိုးရာသီတွင် ဗွက်များထကာ အဆင်မပြေလှပါ။ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် ကျေးရွာမှ ကင်းမြင်သာအထက်တန်းကျောင်းသို့ ပညာသင်ယူရန် သွားရောက်ကြရသောကလေးငယ်များ၊ရောင်းဝယ်ဖောက်ကားနေကြသော ကုန်သယ်များ၊ ကျေးရွာထွက်ကုန်များအား ဈေးသို့အချိန်မီတင်ပို့ရောင်းချရန်အတွက် ဝန်စည်စလွယ်များအား သယ်ယူရန် ကား၊ထော်လာဂျီများဖြင့် ခက်ခဲစွာသယ်ယူရခြင်းတို့ကြောင့် ရသင့်လောက်သော အမြတ်ပမာဏများ မရရှိပါ။အချိန်မီရောင်းချနိုင်ခြင်းများလည်းမရှိ၍ အခက်အခဲများစွာရှိလှပါသည်။

လက်ရှိတံတားများမှာ ကွန်ကရစ်တံတားများဖြစ်ပြီး တည်ဆောက်ခဲ့သည်မှာ မကြာသေး၍ ကောင်းမွန်မှုရှိပြီး ရာသီမရွေးသွားလာနိုင်ပါသည်။သစ်သားတံတားများနှင့် ရေပြွန်များမှာ ကြာမြင့်လှပြီဖြစ်ရာ ရာသီမရွေးသွားလာနိုင်ခြင်းမရှိပဲ အခြေအနေမကောင်းလှချေ။

ကျွန်တော်တို့ကျေးရွာတွင် ဈေးသို့ကုန်စည်များသယ်ပို့ပို့ဆောင်ရောင်းဝယ်ဖောက်ကားရန် စက်ဘီး(၃၉)စီး၊မော်တော်ဆိုင်ကယ်(၅၄)စီး၊ထော်လာဂျီ(၄)စီး၊ကား(၁)စီး၊ နွားလှည်း(၃၇)စီးရှိပါ

သည်။

လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာစနစ်ဖြင့်မီးလင်းသူ ၅၅အိမ်ရှိပြီး၊ကျန်(၂)အိမ်မှာ ဆိုလာစနစ်ဖြင့်မီးအသုံးပြုနိုင်ရန် ငွေကြေးမတတ်နိုင်ပါသဖြင့် ဖယောင်တိုင်မီးဖြင့်သာ မီးလင်းကြရပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာအျက်အလက်နည်းပညာများမှာ ကောင်းမွန်မှုရှိလှပါသည်။တယ်လီဖုန်း(၁၀၂)လုံး၊ရေဒီယို(၁၂)လုံး၊တီဗွီ(၃၄)လုံး၊ဂြိုလ်တုစလောင်း(၃၄)လုံးရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျေးရွာတွင် လူငယ်များအနားယူအပန်းဖြေရန် နေရာများမရှိပါ။ပျော်ပွဲရွှင်ပွဲများလည်းမရှိပါ။လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုအားကောင်းပါသည်။ ဘာသာရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်သည်ကိုတွေ့ရှိရပါသည်။လူငယ်များ အားကစားနှင့်ကာယပညာများပြုလုပ်နိုင်ရန် အထောက်အကူပြုပစ္စည်းများမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုကောင်းလှပါသည်။ ရိုးရာ၊ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လည်း ထိန်းသိမ်းကြပါသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။ကျွန်တော်တို့ရွာတွင် ဘေးကင်းလုံခြုံရေး အတွက် အရန်မီးသတ်တပ်ဖွဲ့များလည်းရှိပါသည်။ ဆက်သွယ်ရေးအထောက်အကူပြုစေသော တယ်လီဖုန်းတာဝါတိုင်များ၊ရေဒီယိုလိုင်းနှင့်သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာဖြန့်ချီရေး အဆောက်အဦများမရှိပါ။အာမခံလုပ်ငန်းဝန်ဆောင်မှုများလည်းမရှိပါ။ လူထုဗဟိုပြုသဘာဝဘေး အန္တရာယ်လျှော့ချရေးအဖွဲ့အစည်းများလည်းမရှိပါ။မှုခင်းဆိုင်ရာ ကာကွယ်တားဆီးရေးရဲတပ်ဖွဲ့များ ကျေးရွာတွင်မရှိပါ။ကျေးရွာရှိ မှုခင်းရေးရာကိစ္စရပ်များအား ဝန်းသိုမြို့နယ်ရဲတပ်ဖွဲ့မှ စီမံခန့်ခွဲ ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မှုခင်းဆိုင်ရာပစ်မှုများ ကြီးကြီးမားမားမရှိပါ။ လူကုန်ကူးမှု များလည်းမရှိပါ။ခိုးဝှက်မှုအနည်းငယ်သာရှိပါသည်။မူးယစ်ဆေးသုံးစွဲသောအမှုများလည်းရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ရေသွင်းမြောင်း၊ချောင်းရေရှိပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေရရှိမှုနည်းပါးပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီး ချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီစျေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့် အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာ ခြင်းကြောင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများ လာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုး ရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ကျွန်တော်တို့ ကျေးရွာသည်စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့်အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက် ပန်းတိုင်များနှင့်နည်းဗျူဟာများကို စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ် စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

(က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

(က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလားအလာ အထောက်အပံ့များကိုအသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စက်ရေတွင်းများတူးဖော်ခြင်း၊ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊စာဖတ်ရန်အလေ့အထထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့်ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ အိမ်တိုင်းဆိုလာမီးများတပ်ဆင်ခြင်း၊ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော်အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေးလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေးလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

